❍ စာမျက်နှာ ၁၀ မှ

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နယ်ရှိ ညံတော်ကြီးကျေးရွာနှင့် ညံကံကြီးကျေးရွာ ပေါင်းချုပ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အင့်ူ – ပေါင်းချုပ် – ညံတောကြီး– ညံကံကြီးလမ်းသည် လမ်းအရှည် (၂) မိုင် (၂) ဖာလုံတွင် ရွာတွင်းလမ်း(၁)မိုင်၊ ရွာချင်းဆက်လမ်း(၁) မိုင်(၂) ဖာလုံရှိပါကြောင်း၊ အဆိုပါလမ်းကို အင့်ူ၊ ပေါင်းချုပ်၊ ညံတောကြီး၊ ညံကံကြီး စုစုပေါင်း(၄) ရွာမှ ပြည်သူများ သွားလာအသုံးပြုကြသည့် လမ်းဖြစ်ပါကြောင်း၊ ကျေးရွာချင်းဆက်လမ်း (၁) မိုင် (၂) ဖာလုံသည် အကျယ် (၇) ပေခန့်သာရှိသော မြေသားလမ်းဖြစ်ပြီး ရွာတွင်းလမ်းထက် လမ်း Level နိမ့်နေသောကြောင့် လိုအပ်သော လမ်းအကျယ်နှင့် လမ်း Level ရရှိအောင် မြေသားတာပေါင်ချဲ့ခြင်းနှင့် မြေနီခင်းခြင်း လုပ်ငန်းများအား ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ရာ မြေသားလမ်း (၁)မိုင် (၂) ဖာလုံအား မြေသားတာပေါင်ချဲ့ခြင်းနှင့် မြေနီခင်းခြင်း လုပ်ငန်းများအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(သို့မဟုတ်) တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဓနုဖြူ မဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ဓနုဖြူမြို့နယ်ရှိ ဆကာကြီးကျေးရွာမှ သဲဖြူကျေးရွာ မဲဇလီတံတားထိပ်အထိ ကွန်ကရစ်လမ်းပိုင်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဓနုဖြူမြို့နယ် ဆကာကြီးကျေးရွာမှ သဲဖြူကျေးရွာ မဲဇလီတံတားထိပ်အထိ လမ်းသည် တိုင်းဒေသကြီးမှစီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဆကာကြီးမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး အဖျောက်မြို့ကို တိုက်ရိုက်ချိတ်ဆက်ထားသော တိုင်းချင်းဆက်ကျေးလက်လမ်းဖြစ်ပါကြောင်း။

ဆကာကြီးကျေးရွာမှ မဲဇလီတံတားထိပ်အထိ အရှည် (၄) မိုင်တွင် ဆကာကြီးမှ အင်းတာကလေး လမ်းပိုင်း (၁) မိုင်သည် ကောင်းမွန်ပြီး ကျန်လမ်းပိုင်း (၃) မိုင်မှာ ပျက်စီးလျက်ရှိပါကြောင်း၊ အင်းတာကလေးမှ အင်းတာကြီးကြား ကွန်ကရစ်ခင်းခြင်း (၂) ဖာလုံကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျန်လမ်းပိုင်း (၂) မိုင် (၆) ဖာလုံအား သွားလာရေးအဆင်ပြေစေရန်အတွက် အပိုင်းလိုက်ချောင်းသဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၉၆ ဒသမ ၈၀၀ သန်း ကုန်ကျမည်ဖြစ်ပြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်ဘောင်အတွင်းမှ လည်းကောင်း၊ ထပ်မံလိုအပ်ပါက ကျန်လမ်းပိုင်းများအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းမှလည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဇလွန်မဲဆန္ဒနယ်မှ ဦးလှခိုင်၏ **ဇလွန်မြို့နယ် ထုံးတပို – ရေလဲ – မြစ်ဝ – ရေတွင်းကုန်း – အထွဋ်လမ်းအား ၂၀၂၉ – ၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခြင်းအစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ထုံးတပို– ရေလဲ – မြစ်ဝ – ရေတွင်းကုန်း – အထွဋ်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းဖြစ်ပြီး ပြည်ထောင်စုမှစီမံခန့်ခွဲသော Class (C) အဆင့်လမ်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် ဦးစားပေးဆောင်ရွက်လျက်ရှိရာ အဆိုပါမြေသားလမ်း (၁၁) မိုင်အနက် (၂) မိုင်အား မြေနီကျောက်စရစ်ခင်းခြင်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်



# မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(နေပြည်တော်) ဖွင့်လှစ်ပြီး အသက် ၆ နှစ်မှ ၁၈ နှစ်အထိ မသန်စွမ်းကလေးများအား ဖွံ့ဖြိုးမှုနယ်ပယ် (၅)ရပ် သင်ကြားပေးမည်

**နေပြည်တော် ဇူလိုင် ၂၇**

မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(နေပြည်တော်)၌ အသက် ၆ နှစ်မှ ၁၈ နှစ်အထိ မသန်စွမ်းကလေးများအား ရုပ်ပိုင်းဆိုင်ရာ၊ သိမှုပိုင်းဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးမှုနယ်ပယ် (၅)ရပ်ကို အဓိကထား လေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်း အဆိုပါကျောင်းဖွင့်ပွဲမှ သိရသည်။

ထို့ပြင် နေ့စဉ်လုပ်ငန်းဆောင်တာများ ကိုယ်တိုင်လုပ်ဆောင်နိုင်ရေး (Activities of Daily Living– ADL) အတွက် လေ့ကျင့်သင်ကြားပေးမှု၊ အထူးပညာရေး (Special Education) စနစ်ဖြင့် လေ့ကျင့်သင်ကြား ပေးမှုတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မသန်စွမ်း သက်ငယ်သင်တန်းကျောင်း(နေပြည်တော်) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျောင်းတည်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇဝနဒီပရပ်ကွက်၌ ကျင်းပခဲ့ရာ ဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းကလေးများနှင့် ကိုယ်အင်္ဂါ မသန်စွမ်းကလေးများအား အထူးပညာရေးစနစ်ဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ယူဆောင်ရွက်မည့် ဝန်ထမ်းများအနေဖြင့် စေတနာ၊ အကြင်နာ၊ ဝါသနာ၊ ကရုဏာ၊ အနစ်နာတို့ဖြင့် မသန်စွမ်းကလေးများကို မိမိတို့၏ သားသမီးများကဲ့သို့ နွေးထွေးစွာ ပြုစုစောင့်ရှောက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဖွင့်ပွဲအပြီးတွင် မသန်စွမ်းကလေးများ၏ ဘာသာရပ်များ သင်ယူနေမှုနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး မသန်စွမ်း ကျောင်းသား ကျောင်းသူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**ဖွင့်လှစ်**

မသန်စွမ်းသူများ အနေဖြင့် လူမှုအသိုက်အဝန်းအတွင်း အမှီအခိုကင်းစွာ ရပ်တည်နေထိုင်စေရေးနှင့် ၎င်းတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးတို့ကို ရည်ရွယ်၍ မသန်စွမ်း သက်ငယ်သင်တန်းကျောင်း နှစ်ကျောင်းကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ထားပြီးဖြစ်ပြီး ယခု နေပြည်တော်၌ ဖွင့်လှစ်သည့်ကျောင်းသည် တတိယမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း ဖြစ်သည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးရှိ ခရိုင် ရှစ်ခုအား မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ကော်ဖီသီးနှံများ စိုက်ကေ ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စီမံကိန်းတာဝန်ပေးအပ်

**ပုသိမ် ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ရည်ရွယ်ကျင်းပသည့် "ဧရာဝတီ စားဆီဖူလုံဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့" ခေါင်းစဉ်ဖြင့် စားဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ(ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပပြီး ခရိုင်ကိုယ်စားလှယ်များက ဒေသရေမြေအလိုက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးနှင့် သွင်းအားစု ရရှိနိုင်မှု၊ ဈေးကွက်အခြေအနေ၊ ဆီစက်များ၏ ဝယ်ယူကြိတ်ခွဲနိုင်မှု၊ တိုးချဲ့စိုက်ပျိုးရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။



ထို့ပြင် ဒေသခံဆီစက်လုပ်ငန်းရှင်များက ကုန်ကြမ်းလုံလောက်စွာ ရရှိရေး၊ တောင်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာပံ့ပိုးမှုနှင့် လုပ်သားရှားပါးမှုဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက စားဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ သွင်းအားစု၊ ဈေးကွက်နှင့် ငွေကြေးပံ့ပိုးမှုများ လုံလောက်စွာရရှိရေးအပြင် ဒေသနှင့်ကိုက်ညီသည့် ဆီထွက်သီးနှံများ ရွေးချယ်စိုက်ပျိုးမှု၏ အရေးပါမှုကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်ရှစ်ခုအား မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ကော်ဖီသီးနှံများ စိုက်ကေပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး စီမံကိန်းတာဝန်များ ပေးအပ်ပြီး ဧရာဝတီတိုင်းဒေသကြီး၏ မြေခံရေခံ ကောင်းမွန်သည့် အားသာချက်များကို အသုံးချကာ ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းနှင့် လျာထားစိုက်ကေ ပြည့်မီအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်နှင့် စားဆီထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပါဝင်သည့်တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များ၊ ရောင်းဝယ် ဖောက်ကားသူများ၊ ပညာရှင်များနှင့် မူဝါဒချမှတ်သူများ ပူးပေါင်းဆောင်ရွက်မှသာ ရေရှည်တည်တံ့သည့် စားဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း မှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ မြန်မာ ယူ–၁၉ မှ

လူရွေးပွဲကို လေးပွင့်ဆိုင် ကျင်းပလျက်ရှိပြီး မြန်မာ ယူ–၁၉ အသင်းက Falcon အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ MNL U–20 All Star အသင်းက U–18 State & Regional All Star အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဒုတိယနေ့အပြီးတွင် မြန်မာ ယူ–၁၉ အသင်းနှင့် MNL U–20 All Star အသင်းက နှစ်ပွဲစလုံး အနိုင်ရရှိကာ ခြောက်မှတ်စီရရှိထားပြီး Falcon အသင်းနှင့် U–18 State & Regional All Star အသင်းတို့မှာမူ အမှတ်မရသေးပေ။ ဇူလိုင် ၂၀ ရက်က ကျင်းပသည့် လူရွေးပွဲ ပထမနေ့တွင် မြန်မာ ယူ–၁၉ အသင်းက ယူ–၁၈ State & Regional All Star အသင်းကို ငါးဂိုး–ဂိုးမရှိ၊ MNL U–20 All Star အသင်းက Falcon အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

လူရွေးပွဲ နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၂၈ ရက်တွင် မြန်မာ ယူ–၁၉ အသင်းနှင့် MNL U–20 All Star အသင်း၊ Falcon အသင်းနှင့် ယူ–၁၈ State & Regional All Star အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ညီမြတ်သော်တာ**
**ဓာတ်ပုံ – MFF**

❖ နိုင်ငံတော် ချေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက ကလေး - တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် တမူးမြို့နယ် ထင်းဇင်ရွာသစ်နှင့် ထင်းဇင်ရွာဟောင်းအား ထပ်မံသိမ်းပိုက်ရရှိ

နေပြည်တော် ဇူလိုင် ၂၇

တပ်မတော်စစ်ကြောင်းများအနေဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အဓိက အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူးလမ်းကြောင်းအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဆိုပါ ကလေး-တမူး လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ ပြင်ဆင်ပြီး စစ်ကြောင်းများခွဲ၍ ဇွန် ၇ ရက်မှစ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်အထိအား လည်းကောင်း၊ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ■



တပ်မတော်စစ်ကြောင်းများက ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းအဖြစ်အသုံးပြုထားသည့် ထင်းဇင်ရွာသစ် ဘုန်းတော်ကြီးကျောင်းအား သိမ်းပိုက်ရရှိစဉ်။

## ယနေ့ ဖတ်စရာ

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၇၇၇ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၆

ရန်ကုန်-မော်လမြိုင် DEMU လူစီးအမြန်ရထားပေါ်တွင် စည်းကမ်းမဲ့ ပြုလုပ်ခဲ့သူများအား အမှုဖွင့်အရေးယူ

စာမျက်နှာ » ၁၇

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

စာမျက်နှာ » ၁၈

# မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ငါးဦး သေဆုံး

နေပြည်တော် ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နွယ်ရုံကျေးရွာနေ ဦးမြင့်အောင်(၇၆) နှစ်သည် တစ်ရွာတည်းနေသူများဖြစ်ကြသည့် ဦးသက်မိုးဇော်(၃၅)နှစ်၊ ဦးဇော်ဇော်(၃၃)နှစ်၊ ဦးနိုင်ဝင်းကျော်(၃၂)နှစ်၊ ဦးနိုင်ဦး(၅၆)နှစ်တို့နှင့်အတူ ဇူလိုင် ၂၆ ရက် ည ၇ နာရီခွဲခန့်တွင် ၎င်းဖွင့်လှစ်ထားသည့် "ကောင်းဆက်သာ"ထမင်းဆိုင်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ PDF အမည်ခံ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စု(B) ဒုတိယနေ့ ဖိလစ်ပိုင်နှင့် မြန်မာ ယနေ့ ယှဉ်ပြိုင်ကစားမည်



ရန်ကုန် ဇူလိုင် ၂၇

၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စု(B) ဒုတိယနေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်းပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(B) ဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံရှိ New Clark City Athletics ကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ○

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဇယားထိပ်ပိုင်းမှ ရတနာပုံနှင့် ရှောဝတီ၊ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်တို့ သရေကျ



ရတနာပုံအသင်းနှင့် ရှောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) ပထမနေ့ကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ နှစ်ပွဲစလုံး သရေကျခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှောဝတီအသင်းနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ အသင်းသစ် ရတနာပုံအသင်းအတွက် နောက်ထပ်ကျေနပ်စရာကောင်းသည့် ပွဲတစ်ပွဲဖြစ်ခဲ့ပြီး ထိပ်ဆုံးမှ အား/ကာသိပွဲ အသင်းကို သရေကစားပြီးနောက် လက်ရှိချန်ပီယံ ရှောဝတီအသင်းကို သရေကစားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❐



# မြန်မာ ယူ-၁၉ အသင်း ဖွဲ့စည်းရန် လူရွေးပွဲ ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်း ဖွဲ့စည်းရန် လူရွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၂၇ ရက် ညနေပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❖